
www.linhtet.com



www.linhtet.com

# အသံထွက်ကုထုံး

မင်းလူ

အိပ်မက်အသစ်

www.linhtet.com

သူ(စာရေးဆရာ)သည် ညနေတိုင်းလိုလို လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်လေ့ရှိ၏။ သူ့လိုပင် ပုံမှန်လာထိုင်တတ်သူ အချို့နှင့် စကားဝိုင်းဖွဲ့တတ်သည်။ ရုံးပိတ်ရက်ဆိုလျှင် ဝန်ထမ်းတွေပါ လာထိုင်တတ်သဖြင့် လူပိုစုံသည်။

ပြောကြတဲ့အကြောင်းအရာတွေကတော့ မျိုးစုံပဲ။ တစ်ခါတလေ ဦးတည်ချက်မရှိဘဲ ထွေရာလေးပါး ဖြစ်တတ်သည်။ တစ်ခါတလေတော့ တစ်ယောက်ယောက်က မိမိအတွေ့အကြုံ သို့မဟုတ် မိမိစိတ်ကူးတစ်ခုကို ပြောပြရာမှ ထိုအကြောင်းကိုခေါင်းစဉ်တပ်ပြီး ဝိုင်းဝန်းဆွေးနွေးကြသည်။ များသောအားဖြင့်တော့ လတ်တလောဖြစ်ပေါ်

www.linhtet.com



နေသော စိတ်ဝင်စားစရာ သတင်းထူးတွေအကြောင်း ပြောဖြစ်ကြ၏။

ခုလောလောဆယ် မပါမဖြစ်တဲ့ကိစ္စကတော့ ငလျင် အကြောင်းပင်ဖြစ်၏။ အရှေ့တောင်အာရှနှင့် တောင်အာရှ အရှေ့ခြမ်းတစ်လျှောက် လူသိန်းချီပြီး အသက်ဆုံးရှုံးခဲ့ကြ ရသော ကပ်ဆိုးကြီးဖြစ်၏။ ငလျင်ဒဏ်ထက် နောက် ဆက်တွဲ ဖြစ်ပေါ်ခဲ့သော ဆူနာမီရေလှိုင်းဒဏ်ကြောင့် သေဆုံးရသူတွေက ပိုပြီးများပြားခဲ့သည်။

ဒီထဲမှာမှ မြန်မာနိုင်ငံသည် ကံကောင်းထောက်မစွာ လူအသေအပျောက် အနည်းဆုံးဖြစ်ခဲ့၏။ ခုလိုဖြစ်ရတာ ကတော့ အပြင်းထန်ဆုံးသော ငလျင်ကြီး၏ ဗဟိုချက်နှင့် ဝေးကွာနေခြင်း၊ ကမ်းရိုးတန်းဒေသများတွင် လူနေကျဲပါး ခြင်း၊ ရေတိမ်ပိုင်းဖြစ်နေခြင်း၊ ဆူနာမီလှိုင်းကြီး၏အရှိန်ကို ဟန့်တား ကာကွယ်ပေးသော သန္တာကျောက်တန်းများ သဘာဝအတိုင်း ရှိနေသေးခြင်းတို့ကြောင့် ဖြစ်သည်ဟု တချို့က သုံးသပ်ကြသည်။

"အဲဒီနေ့မနက်က ကျွန်တော်က အုန်းနို့ခေါက်ဆွဲ ထိုင်စားနေတာ၊ မိုက်ခနဲ မိုက်ခနဲဖြစ်သွားတော့ အုန်းနို့

www.linhtet.com



ကြောင့် သွေးတက်ပြီလို့ထင်တာပေါ့”

ဟု တစ်ယောက်ကပြောတော့ နောက်တစ်ယောက်က...

“ကျွန်တော်လည်း ဒီလိုပဲ၊ ဟတ်အတက်ဝင်ပြီလို့ထင်နေတာ။ ဘေးကပစ္စည်းတွေပါ သွက်သွက်ခါနေတာတွေ့တော့မှ ငလျင်လှုပ်မှန်းသိတာ”

“ကျွန်တော်ကတော့ လမ်းလျှောက်နေရင်း လူကယိမ်းထိုးလာတော့ လေဖြတ်ပြီထင်ပြီး လန့်သွားတာပဲ”

“ဒီကြားထဲ ကောလာဟလတွေက ဖြစ်လိုက်သေးတယ်။ ဘယ်အချိန် ဘယ်နနာရီမှာ ငလျင်ထပ်လှုပ်မယ်ဆိုပြီးတော့လေ...”

“ငလျင်ဘယ်တော့လှုပ်မယ်ဆိုတာကို ခေတ်အမီဆုံးအတိုးတက်ဆုံးနိုင်ငံကြီးတွေမှာတောင် ကြိုတင်ခန့်မှန်းနိုင်တာမှ မဟုတ်တာ။ အဲဒီလိုသာ ရကြေးဆိုရင် ဟိုတစ်ခါဂျပန်မှာလှုပ်သွားတဲ့ ကိုဘေးငလျင်ကြီးကို ရှောင်နိုင်ရမှာပေါ့၊ မဟုတ်ဘူးလား”

စာရေးဆရာက ပြောသည်။

“ဆူနာမီရေလှိုင်းကတော့ ငလျင်ဗဟိုချက်နဲ့ ခရီး

www.linhtet.com



အကွာအဝေးကို လိုက်လို့ မိနစ်ပိုင်း၊ နာရီပိုင်းလောက် ကြိုတင်သိနိုင်တယ်တဲ့။ အဲဒီအချက်နဲ့ ရောထွေးပြီး တောင်ထင် မြောက်ထင် ဖြစ်ကုန်တာလည်း ပါတယ်ဗျ"

"လူတွေကတော့ သူများပြောရင် ယုံကြတာပဲ။ အိမ်ပေါ်မှာ မနေရဲလို့ဆိုပြီး လမ်းပေါ်မှာ တစ်ချိန်လုံး ဒုက္ခခံပြီး ထွက်ထိုင်နေတဲ့ လူတွေကို ကျွန်တော်က ငလျင်လှုပ်မယ်ဆိုတာ ဘယ်သူမှ ကြိုတင်ခန့်မှန်းနိုင်တာ မဟုတ်ဘူးလို့ ပြောတော့ မိန်းမကြီးတစ်ယောက်က ဘာပြန်ပြောသလဲ သိလား"

"ဘာတဲ့လဲ . . ."

"ငလျင် ဘယ်တော့လှုပ်မယ်ဆိုတာ ကြိုမပြောနိုင်သလို နောက်ထပ်မလှုပ်တော့ပါဘူးလို့လည်း ကြိုတင်ပြီး အာမခံနိုင်လို့လားတဲ့။"

စာရေးဆရာက ခေါင်းတစ်ချက်ဆတ်ပြီး . . .

"အင်းလေ . . . ကြောက်တယ်ဆိုတာကို အပြစ်လို့ ပြောဖို့ကတော့ ခက်သားကလား၊ လူတွေမှာကလည်း ဒီအသက်ကလေးတစ်ချောင်းပဲ ရှိကြရှာတာကိုး"

ဟု ပြောသည်။

www.linhtet.com



ထိုစဉ်မှာ ဆရာဝန်ရောက်လာသည်။ ဆရာဝန်သည် ပုံမှန်လာနေကျမဟုတ်။ ဆေးရုံတာဝန်ပြီးလျှင် ဆေးခန်းကို တန်းပြေးရသူဖြစ်၏။ ဆေးရုံနားရက်ရမှ ဆေးခန်းမသွားခင် ဝင်လာတတ်သူဖြစ်၏။ ဦးနှောက်နှင့် အာရုံကြော အထူးကု ဆရာဝန်ကြီးတစ်ဦး၏ ဆေးခန်းမှာ လက်ထောက်အဖြစ် ဝင်လုပ်ရင်း ပညာဆည်းပူးနေသူလည်း ဖြစ်၏။

"ငလျင်အကြောင်း ပြောနေကြတာမှ ဟုတ်ရဲ့လား" ဟု ဆရာဝန်က မေးသည်။

"ဒါပဲပြောစရာရှိတာကိုး ဆရာရဲ့"

"အေးဗျာ . . . ကျွန်တော်လည်း ဒါပဲပြောမလို့ပါပဲ။ ငလျင်နဲ့ ပတ်သက်ပြီး ထူးခြားတဲ့ လူနာတစ်ယောက် တွေ့ခဲ့ရတယ်ဗျ"

အားလုံးက စိတ်ဝင်စားသွားသည်။ ဆရာဝန်က ဆက်ပြော၏။

"ဦးနှောက်မှာ တစ်စုံတစ်ခုကြောင့် ဒဏ်ရာရပြီး အတိတ်မေ့သွားတဲ့လူနာတစ်ယောက်ဟာ နောက်တစ်ခါခေါင်းကို မတော်တဆ ထိခိုက်မိပြီး ပြန်ကောင်းသွား

www.linhtet.com



တယ် ဆိုတာမျိုး ရုပ်ရှင်တွေထဲမှာ တွေ့ဖူးတယ် မဟုတ်လား"

ခေါင်းညိတ်ကြသည်။

"တကယ်တော့ အဲဒါမျိုး ဖြစ်တတ်တယ်ဆိုပေမယ့် ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာလောက်တော့ မလွယ်ပါဘူး။ အတော်ဖြစ်တောင့်ဖြစ်ခဲပါဗျာ။ ဒါပေမဲ့ ဆေးခန်းမှာ အဲဒါမျိုးဆန်ဆန် တွေ့ခဲ့ရတယ်ဗျ"

"ဘယ်လိုမျိုးလဲ ဆရာ"

"ခါးဆစ်ရိုးထိခိုက်မိပြီး အောက်ပိုင်းမလှုပ်ရှားနိုင်တဲ့ လူနာဗျ၊ အရိုးအနေအထားပျက်သွားလို့ အာရုံကြောမကြီးကို ဖိမိပြီးဖြစ်တာ၊ ခွဲစိတ်ကုသလို့လည်း ရကောင်းရနိုင်ပေမယ့် တပ်အပ်ကောင်းသွားမယ်လို့မပြောနိုင်ဘူး။ ဒါနဲ့ သောက်ဆေး၊ ထိုးဆေးနဲ့ ကုနေရတာ"

ထိုလူနာက ရှစ်ထပ်တိုက်ခန်းမှာနေခြင်း ဖြစ်၏။ လျှောင်လည်းလှုပ်ရော သူ့ရောဂါကို မေ့ပြီး ကြောက်လန့်တကြား ရန်းကန်ထပြေးရာက ကြောရိုးအနေအထားပြန်မှန်သွားပြီး ကောင်းသွားခြင်းဖြစ်သည်ဆို၏။

"ခုဆိုရင် လူကောင်းပကတိလို လမ်းမလျှောက်နိုင်

www.linhtet.com



သေးပေမယ့် အမှီအတွယ်နဲ့ဆိုရင် သွားလို့ရနေပြီ"

"တကယ်ကံကောင်းတဲ့လူပဲနော်"

"ကံကောင်းတယ်မပြောနဲ့ဦးဗျ၊ ခြေထောက်ပြန်ကောင်းသွားပေမယ့် လျှောင်လှုပ်တဲ့အချိန်မှာ ရှစ်ထပ်တိုက်ကသွက်သွက်ခါနေတော့ သေတော့မှာပဲလို့ အရမ်းထိတ်လန့်ပြီး စကားမပြောနိုင်တော့ဘဲ ဖြစ်သွားတယ်"

"ဟာဗျာ ဖြစ်ပုံကလည်း"

"အရမ်းကြောက်လန့်စရာအဖြစ်နဲ့ ကြုံရတာတို့၊ အလွန်တုန်လှုပ်ချောက်ချားစရာ မြင်ကွင်းကို မြင်ရတာတို့ဖြစ်တဲ့အခါ အဲဒီလိုပဲ ဆွံ့အသွားတတ်တယ်။ များသောအားဖြင့်တော့ ဒါမျိုးဟာ ယာယီပဲဖြစ်တတ်တာပါ။ တချို့ကတော့ အချိန်တော်တော်ကြာတဲ့အထိ ပြန်မကောင်းဘဲဖြစ်နေတတ်တယ်"

"အခု ဆရာပြောတဲ့လူကတော့၊ သူ့ခမျာ သနားပါတယ်၊ ခြေထောက်ပြန်ကောင်းသွားပြီးမှ ဆွံ့အသွားရရှာတယ်"

"အခုတော့ ပြန်ကောင်းသွားပါပြီ။ စကားပြန်ပြောနိုင်ပါပြီ"

www.linhtet.com



"ဟုတ်လား၊ ဆရာတို့ ဘယ်လိုကုထုံးကို သုံးလိုက်လို့လဲ"

"ဘာကုထုံးမှ မသုံးလိုက်ရဘူး၊ သူ့ဘာသာ ပြန်ကောင်းသွားတာ"

"ဘယ်လိုလဲ ဆရာရဲ့"

"ဒီလိုဗျ၊ ရုပ်မြင်သံကြားက တိုက်ရိုက်ပြတဲ့ တိုက်ဂါးဖလားဘောလုံးပွဲမှာ မြန်မာအသင်းကန်နေပုံကိုကြည့်နေရင်း အားမလိုအားမရဖြစ်ပြီး ထအော်လိုက်ရာက အသံပြန်ထွက်လာတာပဲ"

ဆရာဝန်က နာရီကိုကြည့်ပြီး . . .

"ဟာ . . . ဆေးခန်းသွားဖို့ အချိန်တောင်နီးနေပြီ"

ဆိုပြီး ထထွက်သွားသည်။ နားထောင်နေသူများ ဆတ်တငံ့ငံ့ဖြစ်ကျန်ခဲ့၏။ တကယ်ပဲပြောသလား၊ စိတ်ကူးတည့်ရာပဲ လျှောက်ပြောသွားသလား ဆိုတာကတော့ နောက်တစ်ခေါက်လာမှပဲ မေးကြည့်ရတော့မည်။ ဒီဆရာဝန်ကလည်း ခပ်နောက်နောက်ရယ်။ ။

**မင်းလူ**

**(အတွေးသစ်ဂျာနယ်၊ ၁၇၊ ၁၊ ၂၀၀၅)**

www.linhtet.com